# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 26 , 2022 | Volume 61, Number 17


### ၂၆.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၉ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၁.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၁.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနအား ကြည့်ရှုစစ်ဆေး



https://www.commerce.gov.mm



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်များလိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာန (Commodity Testing and Quality Management – CTQM) ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး လိုက်လံကြည့်ရှုစစ်ဆေးနေစဉ် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးက လယ်ယာထွက်ကုန်သီးနှံများ စမ်းသပ်စစ်ဆေးပေးလျက်ရှိသည့် ဓာတ်ခွဲခန်းများ တည်ထောင်ထားရှိမှုအခြေအနေ၊ ဓာတ်ခွဲခန်းအလိုက်၊ သီးနှံအမျိုးအစားအလိုက် စမ်းသပ်စစ်ဆေးပေးလျက်ရှိသည့်အရည်အသွေးများ၊ ဘဏ္ဍာနှစ်အလိုက်လုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်မှုအခြေအနေများ၊ သုတေသနလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းလက်မှတ်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ အသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဝန်ကြီးဌာန၏ပံ့ပိုးကူညီမှုဖြင့် မြန်မာ့သဘာဝရော်ဘာအရည်အသွေးစမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း တည်ထောင်ထားရှိမှုအခြေအနေ၊ အပြည်ပြည်ဆိုင်ရာ ရော်ဘာအသင်း၏ အသိအမှတ်ပြုလက်မှတ်ရရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သော ဓါတ်ခွဲခန်းများအဆင့်မြှင့်တင်ရေး၊ ကျွမ်းကျင်သည့်ဓာတ်ခွဲခန်းဝန်ထမ်းများ ဖြစ်လာစေရန်အတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာကိစ္စရပ်များကိုမှာကြားကာ ဆက်လက်ဆောင်ရွက် ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC

## အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်ရှိနေသောကြောင့် အသစ်ထွက်လာမည့်ပို့ကုန်ပဲများ အမြင့်ဈေးတန်းရရှိနိုင်ဟု ပဲကုန်သည်များသုံးသပ်

အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်ရှိနေသောကြောင့် အသစ်ထွက်လာမည့်ပို့ကုန်ပဲများ အမြင့်ဈေးတန်းရရှိနိုင်သလို ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးအမြင့်ဖြစ်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

လက်ရှိဒေါ်လာဈေးတည်ငြိမ်နေသောကြောင့် အသစ်ဝင်ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေသော်လည်း အိန္ဒိယ၏ ပဲလိုအပ်ချက်မြင့်မားနေပြီး ၂၀၂၃ ခုနှစ် ပို့ကုန်ပဲသစ်များမှာ ဈေးကောင်းရရှိလာနိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

အသစ်ဝင်ရောက်လာသည့် ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံဈေး မြင့်တက်လာခြင်းမရှိသေးသော်လည်း နှစ်ကုန်နောက်ပိုင်းတွင် အရောင်းအဝယ်သွက်လက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းလက်ကျန်နည်းလာသည့် ကုလားပဲအုပ်စုမှာ အမြင့်ဈေးတန်း အတိုင်း ဆက်လက်ရှိနေမည်ဖြစ်ကြောင်း နယ်စပ်ပို့ကုန်လမ်းကြောင်း ကောင်းမွန်လာပါက နှမ်းမျိုးစုံနှင့်မြေပဲဆန် ဈေးကွက်မှာ အမြင့်ဈေးကိုဦးတည်လာနိုင်ကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ဒီအချိန်က နှစ်ကုန်ပဲ အဟောင်းရောင်း အသစ်ဝယ်ချိန်ပါ။ ပဲသစ်ကလည်း ၂ မျိုး၊ ၃ မျိုး စတင်ဝင်ရောက်နေပါပြီ။ လက်ရှိသီတင်းပတ်မှာဖြစ်ပေါ်နေတဲ့ အမြင့်ပဲဈေးတွေက နှစ်ကုန်ထိ ဒီအတိုင်းပဲ ဆက်သွားပါလိမ့်မယ်။ ကုလားပဲ V2 တစ်အိတ် ၁၉၅၀၀၀ ကျပ်ထိ ပေါက်ဈေးရှိနေပါတယ်။ ဒီပေါက်ဈေးက ဒီနှစ်အတွက်တော့ အမြင့်ဆုံးဈေးဖြစ်ခဲ့ ပါတယ်။ ပို့ကုန်မတ်ပဲပေါက်ဈေးက တစ်အိတ်ငွေကျပ် ၁၇၀၀၀၀ ဝန်းကျင်၊ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ပဲတီစိမ်းတစ်အိတ် ငွေကျပ် ၁၄၀၀၀၀ ဈေးတန်းတွေကတော့ လွန်ခဲ့တဲ့ ၁၀ ရက်လောက်ကတည်းက တည်ငြိမ်နေတာပါ။ ဒေါ်လာငွေလဲလှယ်နှုန်းကလည်း တည်ငြိမ်နေပါတယ်။ ပို့ကုန်ပဲတွေအနေနဲ့ ဈေးမတက်ဘဲ အရောင်း အဝယ်ကတော့ ကောင်းနေပါတယ်။ နှစ်ကုန်ပြီး ဇန်နဝါရီ ၁၅ ရက်လောက်ဆိုရင် ပဲအသစ်တွေ ဈေးကွက်ထဲအစုံအလင် ဝင်ရောက်လာတော့မှာပါ။ ပို့ကုန်လှောင်လက်သမားတွေကတော့ အသစ်ဝင်လာမယ့် ပဲသစ်တွေကို စောင့်ဆိုင်းနေတာပါ။ ပြည်တွင်းသုံးပဲတွေကတော့ ဈေးမတက်တာ တစ်လကျော်ကြာပါပြီ။ လာမည့် ပဲသစ်ရာသီမှာ ထွက်ပေါ်လာမယ့် ပို့ကုန်ပဲဈေးကွက်ကတော့ အမြင့်ဈေးတန်းတစ်ခုဖြစ်လာနိုင်ပါတယ် " ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

မတ်ပဲနှင့်ပဲစင်းငုံသာ ဈေးကွက်အတွင်းအသစ်ဝင်ရောက်နေပြီး လှောင်လက်သမားများ ၂၀၂၃ ခုနှစ် ပဲသစ်ကို စောင့်ဝယ်ယူနေရသောကြောင့် ဈေးအမြင့်တန်းကိုရရှိနိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားရာ ဒီဇင်ဘာ ၂၂ ရက်တွင် မတ်ပဲသုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၇၀၀၀၀၊ ပဲစင်းငုံ တစ်အိတ် ၁၆၅၀၀၀ ကျပ် ၊ ပဲတီစိမ်းအညာမှာ ထိပ်စ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိသည်။

နှစ်ကုန်ပိုင်းရောက်ရှိလာရာ လက်ကျန်နည်းလာသည့် ပြည်တွင်းသုံး ပဲမာလိုင်းများ ဈေးအနည်းငယ်စီမြင့်တက်လာ သည်။ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀၊ ပဲယင်းကြီး(သစ်) တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ပဲကြီး(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ စွန်တာပြာ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေး ဖြစ်သည်။

**Source:** မကွေးဂျာနယ်

## မူဆယ်နယ်စပ်မှ ပဲ၊ ပြောင်း၊ နှမ်းနှင့်လျှော်ဖြူတို့ အများဆုံးတင်ပို့




မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများတွင် ပဲ၊ ပြောင်း၊ နှမ်းမျိုးစုံနှင့်လျှော်ဖြူ (ဆေးကုလားမ)တို့ကို အများဆုံးတင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၏ အချက်အလက်များအရ သိရပါတယ်။

အခုနှစ် ဒီဇင်ဘာလ (၁)ရက်နေ့မှ (၇)ရက်နေ့ထိ ပို့ကုန်လိုင်စင် (၂) စောင်နှင့် သွင်းကုန်လိုင်စင် (၁၅၅) စောင် ခွင့်ပြုထုတ်ပေးခဲ့ရာ အများဆုံးပို့ကုန်ပစ္စည်းများမှာ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းမျိုးစုံ၊ လျှော်ဖြူ (ဆေးကုလားမ) တို့ဖြစ်ပြီး အများဆုံး သွင်းကုန်ပစ္စည်းတွေကတော့ စက်နှင့်စက်ပစ္စည်းများ၊ ဆောက် လုပ်ရေးလုပ်ငန်းသုံးပစ္စည်း များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ ချည်ထည်များ၊ ချုပ်ပြီးအဝတ်အထည်များ၊ ပန်းသီး၊ လိမ္မော်သီး၊ လူသုံးကုန်ပစ္စည်းတို့ဖြစ်တယ်လို့သိရပါတယ်။

အခုနှစ် ဒီဇင်ဘာလ (၆) ရက်နေ့မှာ ပို့ကုန်ယာဉ်စီးရေ (၁၁၉) စီး၊ သွင်းကုန်ယာဉ်စီးရေ (၄၂) စီး စုစုပေါင်း (၁၆၁) စီး ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီး ယခုရက်ပိုင်း ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ နှမ်းမျိုးစုံ၊ ပြောင်း၊ ဖရဲသီး ၊ သခွားသီးအစရှိတဲ့ သီးနှံတွေ တင်ပို့တဲ့ ကာလရောက်ရှိလာပြီဖြစ်လို့ ပို့ကုန်ယာဉ်စီးရေများ ပိုမိုခဲ့တယ်လို့ဆိုပါတယ်။ ဒါ့ကြောင့် အခုနှစ် ဒီဇင်ဘာ(၁) ရက်ကနေ (၆) ရက်နေ့အထိ ပို့ကုန်ယာဉ်စီးရေ (၇၆၂) စီး၊ သွင်းကုန်ယာဉ်စီးရေ (၃၃၆) စီး ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ဒေသမှ အများဆုံးတင်ပို့သည့် ပဲတီစိမ်းဈေးနှုန်းမှာ ရွှေလီဈေးနှုန်း (၁)တန်လျှင် (၅၀၀၀- ၅၅၀၀) ယွမ်၊ ပြောင်းဖူးစေ့ (၁)တန်လျှင် (၂၂၅၀-၂၃၀၀)ယွမ်၊ နှမ်းနက် (၁)တန်လျှင် (၈၅၀၀-၁၀၅၀၀) ယွမ် ၊ နှမ်းဖြူ (၁)တန် လျှင် (၉၀၀၀-၁၀၀၀၀) ယွမ် ၊ မြေပဲဆံ (၁)တန်လျှင် (၉၀၀၀-၉၅၀၀)ယွမ်၊ ဆန် (ဧည့်မထ) ၂၅% (၁) တန်လျှင် (၂၁၆၀) ယွမ်၊ ဆန်ကွဲ (A 1-2) (၁)တန်လျှင် (၂၄၀၀) ယွမ်၊ ရော်ဘာ RSS-3 (၁)တန်လျှင် (၁၀၀၀၀-၁၀၃၀၀) ယွမ် ဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်းလည်း သိရှိရပါတယ်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

TIR

## မလေးရှားသို့ ထောပတ်သီး တန် ၅၀ ခန့် တင်ပို့နိုင်ရန် ဆောင်ရွက်နေ




အခုနှစ် ထောပတ်သီးရာသီအတွင်း မလေးရှားနိုင်ငံကို ထောပတ်သီး တန် ၅၀ ဝန်းကျင်တင်ပို့နိုင်ဖို့ မျှော်မှန်းထားတယ်လို့ မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) က သိရပါတယ်။ ပြီးခဲ့တဲ့ လပိုင်းကစလို့ ထိုင်းနဲ့ မလေးရှားကို ထောပတ်သီး စတင်ပို့နေတာဖြစ်ပြီး လက်ရှိမှာ ကုန်သွယ်မှု အခက်အခဲအချို့ကြောင့် ထိုင်းကိုတင်ပို့မှု ခေတ္တရပ်နားထားပြီး မလေးရှားကိုတော့ တရားဝင်ဆက်လက်တင်ပို့နေတယ်လို့ MAVO ရဲ့ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောပါတယ်။ လတ်တလောတော့ မလေးရှားကို ထောပတ်သီး ကွန်တိန်နာ ၃ လုံးလောက်အထိ တင်ပို့ထားတယ်လို့ သိရပါတယ်။ မလေးရှားကို တင်ပို့ရာမှာတော့ ထောပတ်သီး တစ်ကီလိုကို ၃.၇ ဒေါ်လာဝန်းကျင် ရရှိနေပါတယ်။

အခုနှစ်အတွင်း ပြင်သစ်၊ နယ်သာလန်၊ ဒူဘိုင်းစတဲ့နိုင်ငံတွေကို ထောပတ်သီးနမူနာ စမ်းသပ်တင်ပို့တာတွေပြုလုပ်ခဲ့ပြီး မလေးရှားကိုတော့ တရားဝင်တင်ပို့နိုင်နေတာပါ။ ထိုင်းနဲ့ဒူဘိုင်းက မြန်မာ့ထောပတ်သီးတွေကို ဝယ်လိုအားရှိပေမယ့် အခက်အခဲအချို့ရှိတာကြောင့် မတင်ပို့နိုင်တာလို့ သိရပါတယ်။ လာမယ့်နှစ်တွေမှာတော့ ထိုင်းနိုင်ငံကို တရားဝင်တင်ပို့နိုင်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပါအဝင် တစ်ဖက်နိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်နေတယ်လို့ ဦးကျော်စိုးမင်းက

ပြောပါတယ်။ မြန်မာနိုင်ငံမှာ ထောပတ်သီးကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနဲ့ ကချင်၊ ကယားပြည်နယ်တွေမှာ စိုက်ပျိုးနေပြီး လာမယ့်ဇန်နဝါရီလမှာ ထောပတ်သီးရာသီ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

**ဤဆောင်းပါးကို BloombergMyanmar မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၁၆ ရက်အထိ ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၁၅ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၉၇ သန်းကျော် လျော့ကျ

၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ဒီဇင်ဘာ ၁၆ ရက်အထိ ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၁၅ သန်းကျော် ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ၂၉၇ သန်းကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှသိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၁၅ ဒသမ ၆၂၃ သန်းရရှိခဲ့သည်။ ယခင်နှစ်ကာလတူက ဒေါ်လာ ၅၁၃ ဒသမ ၀၈၆ သန်းရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ဒီဇင်ဘာ ၁၆ ရက်အထိမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၉၇ ဒသမ ၄၆၃ သန်း လျော့ကျခဲ့သည်။

နှစ်အလိုက် ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၄၆၅ ဒသမ ၄၅၉ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်ဒေါ်လာ ၁၈၇၀ ဒသမ ၈၃၆ သန်း၊၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၈၉၅ ဒသမ ၆၁၁ သန်း၊၂၀၂၁-၂၀၂၂ (Mini Budget) ကာလအတွင်း ဒေါ်လာ၂၈၈ ဒသမ ၅၉၉ သန်း ရရှိခဲ့သည်။

နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ၉၀၆၈ ဒသမ ၉၁၄ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်းရရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၄၈၈၃ ဒသမ ၁၆၀ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၆၉၄ ဒသမ ၈၉၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၃၅၇၈ ဒသမ ၀၅၂ သန်းရရှိခဲ့သည်။

၂၀၁၈ ခုနှစ် Mini Budget တွင် ပို့ကုန် ဒေါ်လာ ၈၈၆၁ ဒသမ ၀၃၂ သန်း၊ သွင်းကုန် ဒေါ်လာ ၉၈၆၇ ဒသမ ၇၈၃ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈၇၂၈ ဒသမ ၈၁၅ သန်းရရှိခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၇၀၆၀ ဒသမ ၄၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၀၈၆ ဒသမ ၅၉၇ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၃၅၁၄၇ ဒသမ ၀၁၂ သန်း ရရှိခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ဒေါ်လာ ၁၅ ဒသမ ၅ ဘီလျံ (၁၅၅၀၀ သန်း) တင် ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ဒေါ်လာ ၁၄ ဘီ လျံ (၁၄၀၀၀ သန်း) တင်သွင်းရန် ရည်မှန်းထားကြောင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ဖော်ပြထားသည်။

၂၀၂၁-၂၀၂၂ Mini Budget ခြောက်လအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံ ကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုဒေါ်လာ ၁၀၈ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံရှိသည်။ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၅ ဒသမ ၉၇၁ ဘီ လျံအထိရှိသည်။ သို့ဖြစ်ရာ ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၈ ဒသမ ၇၅၆ သန်း ပိုမိုရရှိခဲ့သည်။

**Source:** https://news-eleven.com/article/242181

## ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကျော်ရရှိထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလတွင် ချုပ်ပြီးအထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၅ သန်း၊ မေလတွင် အမေရိကန်ဒေါ်လာ ၃၈၄ သန်း၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ သန်း ၆၁၀ ကျော်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၆၃၆ သန်း၊ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၆၆၂ သန်းကျော်၊ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၃၆၄ သန်းနှင့် နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၃၆၆ သန်းရရှိထားသောကြောင့် ဧပြီလမှနိုဝင်ဘာလအထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကျော်ရရှိထားကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏စာရင်းများအရ ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှာ ဩဂုတ်လအထိ လစဉ်တိုးတက်ခဲ့ပြီး စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် အနည်းငယ်ပြန်လည်ကျဆင်းသွားသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ချုပ်ပြီးအထည်အပါအဝင် စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၉ ဘီလီယံကျော်အထိ ရရှိထားသည်။

ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် ရေကြောင်းကုန်သွယ်ရေးမှတင်ပို့နေပြီး အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/34608

## ငရုတ်သီး ဈေးကောင်းလာခြင်းကြောင့် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာ



https://www.myawady.net.mm/node/34603

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ငရုတ်သီးဈေးကောင်းလာခြင်းကြောင့် ငရုတ်စိုက်တောင်သူများ တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ငရုတ်သီးကို မြန်မာနိုင်ငံ အနှံ့အပြားတွင် စိုက်ပျိုးကြပြီး ဖိုး၊ ကျောက်စိမ်း၊ ပီနံ၊ ရှမ်းပွ စသည်ဖြင့် နေရာဒေသကိုလိုက်၍ အမျိုးမျိုးခေါ်ကြသော်လည်း ဖိုး၊ ကျောက်စိမ်းနှင့် ပီနံမျိုးများကို အများဆုံး စိုက်ပျိုးကြသည်။

မင်းဘူး(စကု)မြို့နယ်တွင် ယခင် သနပ်ပွင့်စု၊ ရွာသစ်ကုန်း၊ နိဗ္ဗာန်ကျွန်း၊ ပဒေသာကျွန်း၊ မန်းကျိုး စသောကျေးရွာတို့တွင် ယခင်က တစ်နိုင်တစ်ပိုင်သာ စိုက်ပျိုးကြသော်လည်း ယခုနှစ် ငရုတ်သီးအစိုတစ်ပိဿာလျှင် လက်ကားဈေးငွေကျပ် ၂၀၀၀၊ ငရုတ်သီးအခြောက်တစ်ပိဿာ ၁၅၀၀၀ ဈေးအထိဖြစ်လာချိန်တွင် ငရုတ်စိုက်တောင်သူများ အဆင်ပြေကာ မင်းဘူး(စကု) တစ်မြို့နယ်လုံး ဧက ၂၀၀ အထိ စီးပွားဖြစ်တိုးချဲ့ စိုက်ပျိုးလာကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းသူထံမှ သိရသည်။

**Source:** https://www.myawady.net.mm/node/34603

## မိုးကြက်သွန်နီ ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာပွဲရုံသို့ မိုးကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး နေ့စဉ်ပိဿာချိန် ၁၀၀၀၀ခန့် ဝင်ရောက်လျှက်ရှိပါသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်းကြောင့် ရန်ကုန်၊ မန္တလေးနှင့်ချင်းတွင်းအထက်မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်း သိရပါသည်။

ယခုတစ်ပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျှက်ရှိသော မိုးကြက်သွန်နီ လက်ကားတစ်ပိဿာ ပေါက်ဈေးနှုန်းများမှာ (ကြီး) (၂၇၀၀-၂၈၀၀)ကျပ်၊ (လတ်) (၂၃၀၀)ကျပ်၊ (သေး) (၁၇၀၀-၂၀၀၀)ကျပ်၊ အသေးဆုံးအစမှာ (၈၀၀-၁၂၀၀)ကျပ်နှုန်းနှင့် အလုံးဆိုက်၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိနေပါသည်။ မိုးကြက်သွန်နီ

လက်လီပေါက်ဈေးနှုန်းမှာ (ကြီး) (၃၄၀၀-၃၅၀၀) ကျပ်၊ (လတ်)(၃၀၀၀-၂၈၀၀) ကျပ်၊ (သေး) (၂၅၀၀-၂၃၀၀)ကျပ် ရှိပါသည်။

ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ပွဲစား၊ လှောင်လက်များ အဝယ်နည်းနေသဖြင့် ဈေးအနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရပါသည်။ ကြက်သွန်ဖြူလက်လီဈေးမှာ (ဗမာ) (၄၈၀၀-၅၀၀၀) ကျပ်၊ (ရှမ်းစ) (၄၂၀၀-၄၅၀၀)ကျပ်၊ ကြူကုတ် (၅၅၀၀-၆၀၀၀)ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်း သိရပါသည်။

**Source: ဖေယျာကုန်သွယ်မှုဗဟိုဌာန**

## မြန်မာ့ဆန် ဒုတိယအများဆုံးတင်သွင်းသည့် ဖိလစ်ပိုင်တွင် ဆန်သွင်းကုန်ခွန်ဖြေလျော့မှု သက်တမ်းတိုး

ဖိလစ်ပိုင်သည် ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရန် တင်သွင်းသည့်ဆန်နှင့် အခြားစားသောက်ကုန်များအပေါ် အခွန်ဖြေလျော့မှု သက်တမ်းတိုးလိုက်ပါသည်။

ဖိလစ်ပိုင်သမ္မတ Ferdinand Marcos Jr သည် ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရန်အတွက် ဆန်နှင့် အခြား စားသောက်ကုန်များအပေါ် အခွန်နှုန်းထားများကို လာမည့်နှစ်ကုန်အထိ သက်တမ်းတိုးရန် စီးပွားရေးဝန်ကြီးဌာန၏ အကြံပြု ချက်ကို အတည်ပြုခဲ့သည်။

၂၀၂၂ ခုနှစ်တွင် အတည်ပြုခဲ့သည့် ပြင်ဆင်ထားသောနှုန်းထားများသည် ယခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည်။ ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၄ နှစ်အတွင်း အမြင့်ဆုံးတွင်ရှိနေသဖြင့် ၂၀၂၃ ဒီဇင်ဘာ ၃၁ အထိ သက်တမ်းတိုး ပေးလိုက်သည်။

သို့ဖြစ်ရာ သွင်းကုန်အကောက်ခွန်နှုန်းထားမှာ ဆန်သွင်းကုန်အတွက် ၃၅ ရာခိုင်နှုန်းနှင့် ပြောင်းတင်သွင်းခွန် ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းနှင့် ဝက်သားထွက်ကုန်များ ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း အသီးသီး ဆက်ရှိနေမည်ဖြစ်သည်။ ဤမူဝါဒအားဖြင့် ကျွန်ုပ်တို့သည် ပြည်တွင်းစားနပ်ရိက္ခာထောက်ပံ့မှုကို တိုးမြင့်လာစေရန်၊ အဓိကစားနပ်ရိက္ခာအတွက် ရင်းမြစ်များကို ခက်ဖြာစေရန်၊ ထောက်ပံ့မှုအကန့်အသတ်ရှိနေခြင်းနှင့် ထုတ်လုပ်မှုသွင်းအားစုများ၏ နိုင်ငံတကာ ဈေးနှုန်းများ မြင့်တက်သွားခြင်းများကြောင့်ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုကို ဖိအားပေးမည်ဖြစ်သည်ဟု စီးပွားရေး စီမံကိန်းအတွင်းဝန် Arsenio Balisacan ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5512-rice-philippines.html

## ဂျာမနီနိုင်ငံတွင် ပထမဦးဆုံး LNG Terminal ဖွင့်လှစ်

ဂျာမနီနိုင်ငံဝန်ကြီးချုပ် Mr.Olaf Scholz နှင့် ဖက်ဒရယ်အစိုးရအဖွဲ့ဝင်များက နိုင်ငံ၏ပထမဦးဆုံး LNG Terminal ဖွင့်လှစ်ခြင်းကို ဂျာမနီနိုင်ငံမြောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သော Wilhelmshaven တွင် ၁၇.၁၂.၂၀၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့ ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးဝန်ကြီး Mr.Robert Habeck ၊ ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner နှင့် Lower Saxony ပြည်နယ်ဝန်ကြီးချုပ် Mr.Stephan Weil တို့တက်ရောက်ခဲ့ကြပါသည်။ LNG Terminal သည် မြောက်ဘက်ပင်လယ်ကမ်းခြေတွင်တည်ရှိပြီး တည်ဆောက်ချိန် (၁၀)လသာကြာမြင့်ခဲ့ပြီး ဂျာမနီနိုင်ငံနှစ်စဉ်ဓါတ်ငွေ့ လိုအပ်ချက်၏ (၆) ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ Mr.Olaf Scholz က ဖွင့်လှစ် ဆောင်ရွက်နိုင်ခြင်းသည် ဂျာမနီနိုင်ငံ၏ တိုးတက်မှုအရှိန်အဟုန်အသစ်များ စတင်စွမ်းဆောင်နိုင်ခြင်းကို ပြသလိုက်ခြင်း ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

ယခုဖွင့်လှစ်လိုက်သော LNG Terminal သည် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင်အပြီး ဖွင့်လှစ်ရန်ဆောင်ရွက်နေသည့် LNG Terminal (၅)ခုအနက် ပထမဦးဆုံးဖွင့်လှစ်လိုက်သည့် Terminal ဖြစ်ပြီး ဓါတ်ငွေ့သိုလှောင်သိမ်းဆည်းမှုနှင့် ပြန်လည် ထုတ်လုပ်မှုစနစ်များဆောင်ရွက်နိုင်သည့် အထူးသင်္ဘောတပ်ဆင်ထားမှုရှိကြောင်း၊ အခြား Terminal များမှာ နိုင်ငံ မြောက်ပိုင်းဒေသများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။ စီးပွားရေးဝန်ကြီး Mr.Robert Habeck က မိမိတို့အနေဖြင့် ဂျာမနီနိုင်ငံ၏ စွမ်းအင်လုံခြုံမှုအတွက် လွန်စွာအရေးပါသောအဆင့်တစ်ခုကို စတင်

လိုက်ခြင်းဖြစ်ကြောင်း၊ renewable energy သုံးစွဲရေးကိုလည်း တစ်ချိန်တည်းမှာဆောင်ရွက်လျက်ရှိကြောင်း၊ LNG Terminal များအားလုံး လည်ပတ်နိုင်လျှင် ဂျာမနီနိုင်ငံဓါတ်ငွေ့လိုအပ်ချက်၏ သုံးပုံတစ်ပုံကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

အခြားတစ်ဖက်တွင်လည်း ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးအဖွဲ့များ အထူးသဖြင့် German Federation for the Environment and Nature Conservation (BUND)က LNG Terminal ဖွင့်လှစ်မှုနှင့်ပတ်သက်၍ မြေအောက်ရုပ်ကြွင်းသုံး စွမ်းအင်အရင်းအမြစ်များသုံးစွဲမှုအပေါ် ဝေဖန်ပြစ်တင်ပြောဆိုမှုများရှိလာခဲ့ပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် ရေရှည်စွမ်းအင် လုံလောက်စွာ ဖြည့်တင်းနိုင်ရေးအတွက် သက်တမ်းရင့်ဓါတ်ငွေ့စက်ရုံများ၊ ကျောက်မီးသွေးလောင်စာသုံးစက်ရုံနှင့် နျူကလီးယားစက်ရုံများ ဆက်လက်လည်ပတ်နိုင်ရေးကိုလည်း ဆောင်ရွက်ထားရှိပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.dw.com/en/germany-scholz-opens-countrys-first-lng-terminal/a-64134715**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1

## ထိုင်းဆန်တင်ပို့မှု ၄ နှစ်တာအတွင်း အမြင့်ဆုံးရောက်ရှိ

အိန္ဒိယပြီးလျှင် ကမ္ဘာ့အများဆုံး ဆန်တင်ပို့သည့် ထိုင်းနိုင်ငံသည် လေးနှစ်အတွင်း ပမာဏအများဆုံးတင်ပို့မည့် လမ်းကြောင်းပေါ်တွင်ရှိနေသည်။

ဆန်တင်သွင်းသည့်နိုင်ငံများသည် အရန်ဆန်သိုလှောင်မှုများကိုဖြည့်ဆည်းရန်နှင့် စားသောက်ကုန်ကုန်ဈေးနှုန်း ဖောင်းပွမှုကိုထိန်းထားရန် ဝယ်လိုအားကို တိုးမြှင့်ကြသဖြင့် ထိုင်းဆန်အဝယ်လိုက်သည်။ ယခုနှစ်အတွင်း ထိုင်းဆန် တင်ပို့မှုမှာ တန်ချိန် ၈ သန်းအထိ ရှိလာနိုင်သည်။

ထိုင်းဘတ်ငွေ အားပျော့သဖြင့် ဆန်တစ်တန် ကန်ဒေါ်လာဈေးနှုန်း သက်သာနေစေခြင်း၊ တရုတ်နိုင်ငံက တရုတ် နှစ်သစ်ကူးကာလမတိုင်ခင် အရန်ဆန်သိုလှောင်မှုကို ပြန်လည်ဖြည့်တင်းနေခြင်းတို့ကြောင့် ထိုင်းဆန်တင်ပို့မှုမြင့်တက် ကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း Thai Rice Exporters Association ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားသည်။ တင်ပို့မှုသည် လာမည့်နှစ်အထိ အလားတူရေချိန်တွင် ဆက်ရှိနေနိုင်သည်ဟု ၎င်းက ပြောကြားသည်။

ဂျုံနှင့်ပြောင်းချက်ဆီကဲ့သို့သော မရှိမဖြစ်လိုအပ်သော အစားအစာများ၏ဈေးနှုန်းများသည် ဖေဖော်ဝါရီတွင် ယူကရိန်းအား ရုရှားမှကျူးကျော်ဝင်ရောက်ပြီးနောက် ပင်လယ်နက်မှတစ်ဆင့် သင်္ဘောများဖြင့်ပို့ဆောင်မှုများကို ရပ်တန့်စေခဲ့ပြီးနောက် ယခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့သည်။

အစိုးရများသည် ပြည်တွင်းစားနပ်ရိက္ခာကုန်ဈေးနှုန်းကို အေးနေစေရန် ပို့ကုန်များကို ကန့်သတ်ထား သည့် အစားအသောက်ကာကွယ်ရေးဝါဒ လှိုင်းလုံးကြီးဖြစ်ပေါ်စေခဲ့သည်။ ထိုသို့ ကန့်သတ်သည့်နိုင်ငံများထဲတွင် အိန္ဒိယ နိုင်ငံလည်း ပါဝင်ခဲ့ခြင်းက ထိုင်းဆန် တင်ပို့ရန် လမ်းပွင့်နေစေခဲ့သည်။

ဆန်သည် ကမ္ဘာ့လူဦးရေ ထက်ဝက်အတွက် အဓိကကျသော်လည်း ဈေးထိုးတက်ခဲ့ခြင်းမရှိချေ။ ဂျုံသည် ၂၀၂၂ မတ်လ တွင် အမြင့်ဆုံးသို့ တက်လာသော်လည်း ဆန်က ထိုးမတက်ခဲ့ချေ။ သို့ဖြစ်ရာ အာရှတွင် ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် သက်သာရာရစေခဲ့သည်။

အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံအချို့ရှိလူများသည် အစားအသောက်ကုန်ကျစရိတ်ကို ထိန်းထားရန် ဈေးကြီးသော ဂျုံအစား ဈေးသက်သာသောဆန်ကို အစားထိုး စားသုံးကြသည်။

အာရှ၏ စံတင်ရသည့်ဈေးနှုန်းများမှာ ယခုနှစ် မေလတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၄၆၈ အထိမြင့်တက်ခဲ့ခြင်းနှင့် ဇူလိုင်လတွင် အနိမ့်ဆုံး ၄၁၀ ကန်ဒေါ်လာအထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ဆန်ဈေး အမြင့်တက်ဆုံးနှစ်မှာ ၂၀၀၈ ခုနှစ်ဖြစ်ပြီး ဆန်တစ်တန် ကန်ဒေါ်လာ ၁,၀၀၀ ကျော်ခဲ့သည်။

ထိုင်းနိုင်ငံသည် ယခုနှစ် ၂၀၂၂ ခုနှစ်တွင် အိန္ဒိယက ဆန်တင်ပို့မှု ကန့်သတ်သည့်အတွက် အကျိုးကျေးဇူး ရရှိခဲ့သည့် အပြင် အီရတ်နိုင်ငံကလည်း ထိုင်းဆန်ဝယ်ယူခဲ့သည်ဟု Mr Chookiat က ပြောကြားသည်။

ယခုနှစ် ထိုင်းဆန် အများဆုံးဝယ်ယူသည့်နိုင်ငံမှာ အီရတ်ဖြစ်သည်။ ထိုင်းဆန် တန်ချိန် ၁.၅ သန်းကို အီရတ်က ဝယ်ယူခဲ့သည်ဟု Mr Chookiat က ပြောကြားသည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် အရည်အသွေးကြောင့် ထိုင်းဆန်ကို အီရတ်က မတင်သွင်းတော့ချေ။ ယမန်နှစ်မှာ ထိုင်းဆန်ကို ပြန်လည်တင်သွင်းခဲ့သည်။ ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုမြင့်တက်ခြင်းသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအပေါ် စိုးရိမ်မှုကိုထင်ဟပ်ပြသနေသည်။ နိုင်ငံတကာ ဆန်ကုန်သွယ်မှုတွင် ဝေစု ၄၀% ရရှိထားသော အိန္ဒိယတွင် ယခုနှစ် စပါးအထွက်လျော့ကျခြင်းကလည်း ပူပန်စရာဖြစ်နေစေသည်။ “နိုင်ငံတွေက အရန်ဆန်တွေ ပိုများများ ထားရှိပြီး ပြည်တွင်းဈေးကျအောင်လုပ်ဖို့ ဆန်တွေတင်သွင်းကြတာ ပိုများလာတယ်” ဟု Mr Chookiat က ပြောကြားသည်။ "ဘတ်ငွေအားနည်းခြင်းနှင့် ယခုနှစ်တွင် ထိုင်းဆန်ဈေးနှုန်းများနိမ့်ကျခြင်းတို့က ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးပါတယ်"ဟု ၎င်းကပြောကြားသည်။

ယခုနှစ် တင်ပို့မှုမှာ တန်ချိန် ၈ သန်းခန့်ဟုခန့်မှန်းခြင်းသည် ယခင်လျာထားချက် တန်ချိန် ၇ ဒသမ ၅ သန်းထက် ပိုများကြောင်း၊ ၂၀၂၁ ထက် ၂၀% ပိုများကြောင်း Mr Chookiat က ပြောကြားသည်။

**အင်ဒိုနီးရှားနိုင်ငံ၏ ဆန်ဝယ်ယူမှုများ**

အင်ဒိုနီးရှားသည် အရန်ဆန်သိုလှောင်မှုတိုးရန်နှင့် ငွေကြေးဖောင်းပွမှုကိုထိန်းရန်အတွက် ပြည်ပမှဆန်ဝယ်ယူသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

နိုင်ငံပိုင်လုပ်ငန်း Bulog သည် ၂၀၁၈ နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဆန်ဆန်ချိန် ၂ သိန်းကို ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် မြန်မာတို့ထံမှ တင်သွင်းသည်။

၂၀၂၃ ခုနှစ်တွင် ထိုင်းဆန်တင်ပို့မှု တန်ချိန် ၈ ဒသမ ၅ သန်းအထိ မြှင့်တင်နိုင်ရန် အင်ဒိုနီးရှား၏ဝယ်ယူမှုက ကူညီပေးလိမ့်မည်ဟု အမေရိကန် စိုက်ပျိုးရေးဌာနက ရှုမြင်ထားသည်။ အီရတ်မှ ဝယ်လိုအား အားကောင်းသဖြင့် ယခုနှစ်အတွက် ခန့်မှန်းချက်ကို တန်ချိန် ၇ ဒသမ ၉ သန်းသို့ တိုးမြှင့်ခဲ့သည်။ အီရတ်ဝယ်ယူမှုသည် လာမည့်နှစ်အထိ ကောင်းမွန်စွာ ဆက်လက်ရှိနေနိုင်ပြီး အင်ဒိုနီးရှားသို့တင်ပို့မှု တိုးလာဖွယ်ရှိကြောင်း Mr Chookiat က ပြောကြားသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5513-thai-rice.html

## STOCK EXCHANGE (26.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,036 (Shares) | 71,354,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,700 | 8,800 | 8,700 | 81 | 710,800 | 33,109,694 | 291,365 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,150 | 3,250 | 3,150 | 227 | 726,300 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | -100 | -1.32% | 7,700 | 7,700 | 7,500 | 20 | 150,400 | 10,400,986 | 78,008 |
| FPB | 00004 | 18,500 | -500 | -2.63% | 19,000 | 19,000 | 18,500 | 1,458 | 27,017,000 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1,250 | 3,250,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

## Market summary

As of 26th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.69 | +1.71 | +0.44% | 389.46 | 393.60 | 389.46 | 3,036 | 31,854,500 | 7 | 681,393 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Dec. 2022

| Trading Volume | Trading Value |
|---|---|
| 8,036 (Shares) | 71,354,500 (MMK) |

### Main Board

As of 1:00 pm, 26th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,036 (Shares) | 71,354,500 (MMK) |

| MYANPIX | 391.69 ▲ 1.71 |
|---|---|
| Total Volume (shares) | 3,036 |
| Total Value (MMK) | 32 mil |
| Listed Company | 7 |
| Market Cap. (MMK) | 681,393 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 50 |
| MCB | 00003 | 7,500 | ▼ 100 |
| FPB | 00004 | 18,500 | ▼ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |